ရက်စွဲ ။ ၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလ ( ၂၄ )ရက်

# ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အသိပေးခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၃) ခုမြောက် ဘဏ်ခွဲဖြစ်သော ပုသိမ်ဘဏ်ခွဲအား (၁၇.၁.၂၀၁၇) ရက်နေ့၊ နံနက်ပိုင်းမှစ၍ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိကြောင်း ရင်းနှီးမြှုပ်နှံသူများ နှင့် အစုရှယ်ယာရှင်များသို့ အသိပေးကြေညာအပ်ပါသည်။ အဆိုပါဘဏ်ခွဲအား အကွက်အမှတ် (၃၂) ကုန်သည်လမ်း၊ ရပ်ကွက်အမှတ်(၄)၊ ဦးပိုင်အမှတ် (၂၅/ခ) ပုသိမ်မြို့ ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဖွင့်လှစ်ခဲ့ပြီး (၁၇.၁.၂၀၁၇) ရက်မှစ၍ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်လျှက်ရှိပါသည်။

၂။ ယင်းပုသိမ်ဘဏ်ခွဲသည် (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်အတွင်း (၅) ခုမြောက် ဖွင့်လှစ်ခဲ့သော ဘဏ်ခွဲဖြစ်ပါသည်။ ပုသိမ်ဘဏ်ခွဲသည် မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ပထမဆုံးဖွင့်လှစ်သည့် ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခြင်းကြောင်း ဒေသခံပြည်သူများ ငွေကြေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရရှိခြင်း ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများ ကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လှမ်းမှ အထောက်အကူ ပြုနိုင်မည် ဖြစ်ပါသည်။

( မြင့်ဝင်း )
အုပ်ချုပ်မှုဒါရိုက်တာ

No. 383, Maharbandola Road, Kyauktada Township,Yangon , Myanmar.
Tel: 095-01-245936,245938,391454 Fax:01-245932,391454 P.O. Box: 262. Cable Address: MYANCIBANK
E-mail: admin@mcb.com.mm Website: http://www.mcb.com.mm